# နေ့စဉ်တိုင်းရင်းသားသတင်းများစုဆောင်းတင်ပြခြင်း

(No. 78 , December 4, 2020)

၁။ ကချင်ပြည်နယ်တွင် ၂၀၂၀ ရွေးကောက်ပွဲက ၂၀၁၅ ထက် မဲလာထည့်သူ ရာခိုင်နှုန်းလျော့ကျ

၂။ ပူတာအို ခရိုင် အသေးစားလုပ်ကွက်ကိစ္စ KNC ပါတီက နိုင်ငံတော်သမ္မတရုံးသို့ အိတ်ဖွင့်ပေးစာ ပို့

၃။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများကို တောင်းဆိုလိုသည့်အချက်များ

၄။ သတ်မှတ်ချက် ပြည့်မှီသော စားသောက်ဆိုင်များ ယနေ့ ပြန်ဖွင့်ပြီ

၅။ ဖားကန့်တွင် ဒုတိယအကြိမ် အသေးစားလုပ်ကွက် ယခုလ ထပ်မံချပေးတော့မည်

၆။ ဒေသခံတွေရဲ့တောင်းဆိုမှုကြောင့် ယာယီကုန်တင်ယာဉ်ရပ်နားစခန်းကို လွိုင်ကော်သစ်ဆိပ်သို့ ပြောင်းရွှေ့

၇။ ရွေးကောက်ပွဲတွင်ရှုံးနိမ့်ခဲ့တဲ့ ကယန်းအမျိုးသားပါတီက ပြင်ဆင်မှုတွေပြုလုပ်ပြီး ထပ်မံကြိုးစားမည်

၈။ ကယားတစ်ပြည်နယ်လုံး မဲလာပေးသူ ၇၆ ရာခိုင်နှုန်းသာရှိခဲ့

၉။ KNLA တပ်ဖွဲ့ဝင်များနှင့် တပ်မတော်စစ်ကြောင်းတို့ မိနစ်အနည်းငယ်ကြာ ပစ်ခတ်မှုဖြစ်ပွားခဲ့

၁၀။ တပ်မတော် တပ်စခန်းများကို ၂၀၂၀ နှစ်ကုန်အတွင်း အပြီးပိုင် ရုပ်သိမ်းပေးရန် KNLA တောင်းဆို

၁၁။ ပလက်ဝမြို့ရဲစခန်းအချုပ်တွင် အချုပ်ကျနေသူအမျိုးသမီးတစ်ဦးအား မုဒိမ်းပြုကျင့်မှုမဖြစ်ခဲ့ဟု ရဲတပ်ဖွဲ့ငြင်းဆို

၁၂။ NLD အောင်နိုင်ရေးအလှူရှင်များနှင့် တင်ဒါကိစ္စဆက်နွယ်သည့်ကိစ္စ စစ်ဆေးတွေ့ရှိမှုများ ဗဟိုကိုတင်ပြထား

၁၃။ မီးရှို့ခံလိုက်ရသည့် ကျောက်တော်မြို့နယ်တင်းမကျေးရွာတွင် အစိုးရမှ အိမ်အလုံး ၄၀ စတင်တည်ဆောက်မည်

၁၄။ ဦးဂါကျေးရွာမှ အဓမ္မပြုကျင့်ခံရသူအမျိုးသမီး ပထမဆုံးအကြိမ် စစ်တရားခုံရုံးသို့တက်ရောက်၊ ပြုကျင့်သူ ၃ ဦးမှဝန်ခံ၊ လာမည့်ဒီဇင်ဘာ ၁၁ ရက်နေ့အမိန့်ချမည်

၁၅။ တပ်မတော်နှင့်AA ဆွေးနွေးမှုကောင်းမွန်သော်လည်း စောင့်ကြည့်ရမည်ဟု NLD ပြော၊ ကောင်းမွန်သည့်အကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟု ANP ဆို

၁၆။ မွန်ပါတီက မဲရလဒ်များ စီစစ်ဆဲဟု ဆို

၁၇။ မွန်ပြည်နယ်တွင် ရွေးကောက်ပွဲအာမခံငွေ ပြန်မရမည့် ကိုယ်စားလှယ် ၁၅၀ နီးပါးရှိ

၁၈။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်စတင်ရန် မျှော်လင့်ကြောင်း AA ထုတ်ပြန်

၁၉။ သျှမ်းပြည်သား ရပိုင်ခွင့်ကို အလေးနက်ထားသည့် အစိုးရမျိုးဖြစ်သင့် ဟု SNLD ပြော

**၂၀။ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်း**

**၂၁။ ရခိုင်တွင် အကြမ်းဖက်ဥပဒေဖြင့် တရားစွဲခံရသူများအား ရုံးမထုတ်၍ နစ်နာမှုများရှိဟုဆို**

**၂၂။ မိုင်းကိုင်မြို့နယ်၌ ရွေးကောက်ပွဲ ပြန်လည်ကျင်းပက ကန့်ကွက်ရန် မရှိဟု RCSS ပြော**

**၂၃။ ကချင်စစ်ရှောင်များ အတွက် မိုင်းရှင်းပေးမည်ဟု တပ်ချုပ် ကတိပြု**

**၂၄။ ရန်ကုန်မှာပိတ်မိနေတဲ့ မွန်ဒေသခံတချို့ကို ပြန်လည်ခေါ်ယူ**

**********************************

## ၁။ ကချင်ပြည်နယ်တွင် ၂၀၂၀ ရွေးကောက်ပွဲက ၂၀၁၅ ထက် မဲလာထည့်သူ ရာခိုင်နှုန်းလျော့ကျ

(3 December 2020)

၂၀၂၀ ပါတီစုံ အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်တစ်ပြည်နယ်လုံး ဆန္ဒမဲပေးသူ ၆၆.၁၀ ရာခိုင်းနှုန်းခန့်သာရှိသည့်အတွက် ၂၀၁၅ ရွေးကောက်ပွဲဖြင့်ယှဉ်လျှင် ၂ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု သိရသည်။

ကချင်ပြည်နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ဥ ီးရေ ၁၁၅၀၄၀၇ ရှိသည့်အနက် ကြိုတင်မဲပေးသူ ၁၆၃ ၈၅၆ ရှိပြီး၊ မဲရုံတွင် လာရောက်မဲပေးသည့်သူ ၅၆၆၅၁၀ ရှိကာ စုစုပေါင်း ဆန္ဒမဲပေးခဲ့သည့် မဲဆန္ဒရှင်ဦးရေသည် ၇၆၀၃၆၆ ရှိကာ ရာခိုင်နှုန်းအားဖြင့် ၆၆.၁၀ ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဒီဇင်ဘာလ ၁ ရက်နေ့ ထုတ်ပြန်ချက်အရ သိရသည်။ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့်မဲဆန္ဒရှင်များသည် မြစ်ကြီးနားခရိုင် သုံးသိန်းခြောက်သောင်းခန့် ၊ ဗန်းမော်ခရိုင် နှစ်သိန်းခွဲခန့်၊ မိုးညှင်းခရိုင် လေးသိန်းနှစ်သောင်းဝန်းကျင်ခန့်၊ ပူတာအိုခရိုင် ခြောက်သောင်းကျော်ခန့် ရှိခဲ့သည်။

ကချင်ပြည်နယ်တွင် ပထမအကြိမ်မဲစာရင်း ကပ်ပြီးချိန်တွင် မဲဆန္ဒရှင်ဦးရေ ၁၀သိန်းကျော်ရှိနေပြီး ဒုတိယအကြိမ် မဲစာရင်းပြန်လည်ကပ်ရာတွင် ၈သောင်းခန့်ပြန်လာတိုးလာသည့်အတွက် ၂၀၂၀ရွေးကောက်ပွဲတွင် ကချင်ပြည်နယ် မဲပေးပိုင်ခွင့်ရှိသူဦးရေသည် ၁၁၅၀၄၀၇ ရှိခဲ့သည်။ ကချင်ပြည်နယ်အတွင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပါတီပေါင်း ၁၃ပါတီရှိကာ မဲရုံပေါင်း ၉၀ကျော်ရှိခဲ့သည်။ https://burmese.kachinnews.com/2020/12/03/l3-7/

****************

## ၂။ ပူတာအို ခရိုင် အသေးစားလုပ်ကွက်ကိစ္စ KNC ပါတီက နိုင်ငံတော်သမ္မတရုံးသို့ အိတ်ဖွင့်ပေးစာ ပို့

(3 December 2020)

ကချင်ပြည်နယ်မြောက်ပိုင်း ပူတာအိုခရိုင်တွင် ရွှေနှင့် သတ္တုတူးဖော်ရေး အသေးစားလုပ်ကွက်များကို စနစ်တကျကြည့်ကြပ်ပေးရန် ကချင်အမျိုးသားကွန်ဂရက်ပါတီ (KNC) က နိုင်ငံတော်သမ္မတရုံးသို့ ဒီဇင်ဘာလ ၁ ရက်နေ့ အိတ်ဖွင့်ပေးစာပို့ခဲ့သည်ဟု သိရသည်။

ပူတာအိုခရိုင်အတွင်း ရွှေနှင့်သတ္တုတူးဖော်ရေး အသေးစားလုပ်ကွက်တွေမှာ ဒေသခံများကိုသာ ဦးစားပေးလုပ်ကိုင်စေပြီး လုပ်ကွက်အသစ်ချပေးခြင်းများ လုံးဝ ရပ်တန့်ပေးဖို့ တောင်းဆိုသည့် အိတ်ဖွင့်ပေးစာဖြစ်သည်ဟု KNC ပါတီ ဥက္ကဌ ဒေါက်တာ

ကောန်လ က ပြောသည်။ အဆိုပါအိတ်ဖွင့်ပေးစာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု မထိခိုက်စေရန်၊ မြေလွတ် မြေရိုင်းလျှောက်ထားသူများမှ ဥပဒေမဲ့ ဆောင်ရွက်ချက်များ ကာကွယ်ရန်၊ ဒေသခံလုပ်သားများအား တတ်နိုင်သမျှခန့်ပေးရန်၊ ဒေသခံများ၏ ကျေးရွာဂေဟစနစ်များ မထိခိုက်စေရန်၊ ရေချိုရင်းမြစ်များနှင့် မေခ၊ မလိခမြစ်များ၏ ရေဝေရေလဲဒေသများ မပျက်စီးစေရန် နှင့် အသေးစားလုပ်ကွက်အတွင်း အကြီးစားစက်ယန္တာယားများ ဆောင်ရွက်ခြင်းကန့်သတ်ပေးရန် စသည့် အချက်(၆)ချက် ပါဝင်တောင်းဆိုထားသည်ကို တွေ့ရသည်။

SNU အဖွဲ့မှ ဆက်လက်ပြီးဝိုင်းမော်မြို့နယ်ရှိ သယံဇာတတူးဖော်လုပ်ကွက်များသို့ မြေပြင်ကွင်းဆင်းလေ့လာ စီစစ်သွားမည် ဖြစ်ကြောင်းလည်း သိရသည်။ ကချင်ပြည်နယ် လုပ်ငန်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ SNU (Sub-National Coordination Unit)သည် အစိုးရ၊ လုပ်ငန်းရှင်နှင့် အရပ်ဖက်အဖွဲ့အစည်းများပါဝင်သောအဖွဲ့ ဖြစ်သည်။

https://burmese.kachinnews.com/2020/12/03/l2-33/

********************

## ၃။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများကို တောင်းဆိုလိုသည့်အချက်များ

(2 December 2020)

လက်ရှိလွှတ်တော်သက်တမ်းတွင်ပါဝင်နေသော အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် အမျိုးသမီးကဏ္ဍများ နှင့်ပတ်သက်သည့် အဆိုတင်ပြမှု ၁ ရာခိုင်နှုန်းပင် မတွေ့ရှိကြောင်း အမျိုးသမီးအရေးလုပ်ဆောင်သူများက မှတ်ချက်ပြုပြော ဆိုမှုများလည်း ရှိနေသည်။

ထို့ကြောင့် ၂၀၂၀ ရွေးကောက်တင်မြောက်ခံထားကြရသည့် ကချင်ပြည်နယ်မှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် အမျိုးသမီးအရေး၊ အမျိုးသမီးအကြမ်းဖက်မှုလျှော့ပါးရေးကိစ္စကို အဓိက လုပ်ဆောင်ပေးရန် အမျိုးသမီးအခွင့်အရေး လှုပ်ရှားသည့် အရပ်ဘက်အဖွဲ့စည်းများက တောင်းဆိုကြသည်။ ထို့ပြင် လွှတ်တော်သို့ရောက်ရှိမည့် အမျိုးသမီးကိုယ်စားများ အနေဖြင့် အမျိုးသမီးအခွင့်ရေးလုပ်ဆောင်ရာတွင် အမျိုးသမီးပြည်သူများ၏ အသံများများနားထောင်ပေးရန်လည်း ပြော သည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်တစ်ပြည်နယ်လုံး ပါတီပေါင်းစုံမှ ဝင်ရောက်ယှဉ်ပြိုင်သည့် အမျိုးသမီး ကိုယ်စားလှယ်လောင်း ၇၀ ကျော်ရှိသည့်သော်လည်း အနိုင်ရရှိသူသည် ၅ ဦးသာ ရှိခဲ့ပြီး ပြီးခဲ့သည့် ၅နှစ်သာ လွှတ်တော်သက် တမ်းတွင် အမျိုးသမီး ၅ ဦး ပါဝင်ခဲ့သည်။ https://burmese.kachinnews.com/2020/12/02/l1-36/

****************

## ၄။ သတ်မှတ်ချက် ပြည့်မှီသော စားသောက်ဆိုင်များ ယနေ့ ပြန်ဖွင့်ပြီ

(4 December 2020)

ကျန်းမာရေးလမ်းညွှန်ချက် (A) အဆင့်သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မြစ်ကြီးနားမြို့ရှိ စားသောက်ဆိုင်တချို့ ယနေ့ ဖွင့်ခွင့်ရကြပြီဖြစ်သော်လည်း ကျန်းမာရေးလမ်းညွှန်ချက် လိုက်နာမှုမရှိပါက သဘာဝဘေးအန္တရယ်ဆိုင်ရာ ဥပဒေဖြင့် အရေးယူ သွားမည်ဖြစ်သည်ဟု သိရသည်။

ဖွင့်လှစ်ခွင့်ပြုထားသည့် ဆိုင်များမှာ စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်အထိ ပါဝင်သည်။ ကျန်းမာရေးလမ်းညွှန်ချက် A အဆင့်တွင် စားသောက်ဆိုင်ကြီးများဖြစ်ပြီး စားသောက်ဆိုင်အတွင်း ကောင်တာရှိရန်၊ ဆိုင်ထဲဝင်ချိန် အပူချိန်တိုင်းရန်၊ ဆိုင်ထိုင်စားသူများအား တစ်ဦးနဲ့တစ်ဦး ၆ပေအကွာ ထိုင်နိုင်အောင်စီစဉ်ထားရှိရန်၊ တစ်ဦးနှင့်တစ်ဦးကြား အကာပြုလုပ်ထားရန်၊ ဆိုင်အတွင်း အလုပ်လုပ်သည့် ဝန်ထမ်းများ ကျန်းမာရေးသတ်မှတ်ချက်အတိုင်း လက်အိတ်စွပ်ရန်၊ နှာခေါင်းစည်းတပ်ရန်၊ လက်ဆေးစင်ထားရှိရန် စသည့်အချက်များပါဝင်ကြောင်း သိရသည်။ ကချင်ပြည်နယ်တွင် ယနေ့မှစကာ ဖွင့်ခွင့်ပြုထားသည့် စားသောက်ဆိုင်ပေါင်း ၂၃၂ ဖွင့်ခွင့် ပြုထားကြောင်း သက်ဆိုင်ရာဌာနမှ သိရသည်။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၉ အရ မည်သူမဆို ဤဥပဒေများ အမိန့်ကြေညာစာနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားပါက ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်ဟု ဆိုထားသည်။ https://burmese.kachinnews.com/2020/12/04/l1–38/

***************

## ၅။ ဖားကန့်တွင် ဒုတိယအကြိမ် အသေးစားလုပ်ကွက် ယခုလ ထပ်မံချပေးတော့မည်

(2 December 2020)

ဖားကန့်မြို့နယ်တွင် ဒုတိယအကြိမ် အသေးစား(လက်လုပ်လက်စား)လုပ်ကွက် တူးဖော်ခွင့်အတွက် ခွင့်ပြုမိန့်ကို ဒီဇင်ဘာလတွင် ချပေးနိုင်ရန်စီစဉ်နေကြောင်း ကချင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သယံဇာတဝန်ကြီး ဦးဒရှိလဆိုင်းထံမှ သိရသည်။

ဒုတိယအကြိမ် လက်လုပ်လက်စားချပေးနိုင်ရန် လာရောက်လျှောက်ထားသည့် လုပ်ကွက်ပေါင်း ၅၀ကျော်ရှိသည့်အနက် ၄၅ ကွက် ချပေးရန် စီစစ်ထားပြီဖြစ်ကြောင်း ပြောသည်။ ဖားကန့် ရတနာနယ်မြေအတွင်း အသေးစား(လက်လုပ်လက်စား) လုပ်ကွက်များကို လွန်ခဲ့သည့် မတ်လတွင် ပထမအကြိမ် လာရောက်လျှောက်ထားသည့် လုပ်ကွက်ပေါင်း ၁၄၁ ကျော်ရှိသည့် အနက် လုပ်ကွက်ပေါင်း ၉၀ ကျော်အား ချထားပေးပြီးဖြစ်ကာ ယခုဒုတိယအကြိမ် ပြန်လည်ချပေးခြင်းဖြစ်သည်ဟု သိရသည်။

အသေးစားလုပ်ကွက် တစ်ကွက်၏ အကျယ်အဝန်းသည် ၁ဧကရှိပြီး လုပ်ကွက်သက်တမ်းသည် တစ်နှစ်ဖြစ်သည်။ လုပ်ကွက်ဝယ်ယူသူများသည် ပြည်နယ်အစိုးရ၏ စဘော်ငွေကျပ်(၅၀၀၀၀၀)၊ လျှော်လွှာတစ်စောင်(၁၀၀၀)၊ မှတ်ပုံတင်ကြေး(၃၀၀၀၀)၊ စစ်ဆေးခ(၅၀၀၀၀)၊ ဒေသဖွံ့ဖြိုးရေး ရံပုံငွေ (၁၀၀၀၀၀) စုစုပေါင်း ၆၅၀၀၀၀ကျပ် ပေးသွင်းရသည်။ ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ပြည်ထောင်စုမှ ကျောက်စိမ်းတူးဖော်ခွင့်ရ စုစုပေါင်း ဧရိယာ ၂၇၇၄၀ဧက ရှိသည်။

https://burmese.kachinnews.com/2020/12/02/l2–31/

*****************

**၆။ ဒေသခံတွေရဲ့တောင်းဆိုမှုကြောင့် ယာယီကုန်တင်ယာဉ်ရပ်နားစခန်းကို လွိုင်ကော်သစ်ဆိပ်သို့ ပြောင်းရွှေ့**

(December 4, 2020)

ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ကုန်းသာကျေးရွာအုပ်စု၊ ဝါရီကောခူကျေးရွာအတွင်းရှိ အထကခွဲ ကျောင်းဝန်းထဲက ယာယီကုန်တင်ယာဉ်ရပ်နားစခန်းကို ရွှေ့ပြောင်းပေးဖို့ ဒေသခံတွေက တောင်းဆို တာကြောင့် ဒီဇင်ဘာလ ၃ ရက်နေ့မှာ လွိုင်ကော်သစ်ဆိပ်သို့ ရွှေ့ပြောင်းလိုက်တယ်လို့ လွိုင်ကော်မြို့နယ် အထွေထွေအုပ်ရေးမှူး ဦးရန်နိုင်ဝင်းက ပြောပါတယ်။

ဝါရီကောခူကျေးရွာအတွင်းက ယာယီကုန်တင်ယာဉ်ရပ်နားစခန်းမှာ ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တချို့မှာ ကိုဗစ် အတည်ပြုလူနာတွေတွေ့ရှိခဲ့တာကြောင့် ဒေသခံတွေက အောက်တိုဘာလ ၂၈ ရက်နေ့မှာ စာထုတ်ပြန်ပြီး ရွှေ့ပြောင်းပေးဖို့ တောင်းဆိုခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကျေးရွာအတွင်း နှစ်လခန့်ကြာထားရှိထားတဲ့ အဆိုပါယာယီကုန်တင်ယာဉ် ရပ်နား စခန်းကို ပြည်နယ်အစိုးရအဖွဲ့ရဲ့ ညွှန်ကြားမှုနဲ့ ရွှေ့ပြောင်းပေးလိုက်တာဖြစ်ပါတယ်။ လွိုင်ကော်သစ်ဆိပ်သို့ ရွှေ့ပြောင်းလိုက်တဲ့ ကုန်တင်ယာဉ်ရပ်နားစခန်းမှာ နှစ်ယောက်ခန်း ၂၄ ခန်းပြင်ဆင်ထားပြီး အိမ်သာ၊ ရေချိုးခန်းနဲ့ မီးအားသွင်းဖို့ အတွက်လည်း အသင့်ပြင်ဆင်ထားတယ်လို့ ဆိုပါတယ်။

အခုလို နေရာအသစ်မှာ ရွှေ့ပြောင်းလိုက်တာကြောင့် အစားအသောက်အတွက် အဆင်မပြေဖြစ်မှာကို ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက် တချို့က စိုးရိမ်နေပါတယ်။ စာသင်ကျောင်းထဲက အားကစားကွင်းနှစ်ကွင်းကို ယာဉ်ရပ်နားဖို့အသုံးခဲ့ တဲ့အတွက် ပျက်စီးသွားပြီး ကျောင်းပတ်ဝန်းကျင်မှာလည်း အမှိုက်စွန့်ပစ်မှုတွေကြောင့် ညစ်ညမ်းမှုတွေ ဖြစ်နေတယ်လို့ ဆိုပါ တယ်။ https://www.kantarawaddytimes.org/

*****************

**၇။ ရွေးကောက်ပွဲတွင်ရှုံးနိမ့်ခဲ့တဲ့ ကယန်းအမျိုးသားပါတီက ပြင်ဆင်မှုတွေပြုလုပ်ပြီး ထပ်မံကြိုးစားမည်**

(December 2, 2020)

နိုဝင်ဘာ ၈ ရက်ကကျင်းပခဲ့တဲ့ ၂၀၂၀ ပါတီစုံ အထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မဲဆန္ဒနယ်အားလုံးနီးပါး ရှုံးနိမ့်ခဲ့တဲ့ ကယန်းအမျိုးသားပါတီအနေနဲ့ ပြင်ဆင်မှုတွေ ပြုလုပ်ပြီး ထပ်မံကြိုးစားသွားမယ်လို့ ပါတီဥက္ကဌ ခွန်းဘီထူးက ပြော ပတယ်။

ကယားလူထုအနေနဲ့ နိုင်ငံရေးကိုအကဲဖြတ်သည့်နေရာမှာ ထင်ရှားသူဖက်သို့ လိုက်ပါခြင်း၊ ပါတီအနေနဲ့ နိုင်ငံရေးပေါ်လစီ များကို တိုင်းရင်းသားများအားထိထိရောက်ရောက်မပြောပြနိုင်ခြင်း၊ ကိုဗစ်ကာလဖြစ်ခြင်း၊ အနိုင်ရတဲ့ပါတီက ငွေအင်အားသုံး ပြီးအလှူဒါနပြုလုပ်တဲ့အတွက် အားကိုးရတဲ့ အခြေအနေဖြစ်ခြင်း စတဲ့ အကြောင်းအရင်းတွေကြောင့် ရှုံးနိမ့်ရခြင်းဖြစ်တယ်လို့ ခွန်းဘီထူးက သုံးသပ်ပြောဆိုပါတယ်။

ကယန်းအမျိုးသားပါတီသည် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရဲ့ ပြည်နယ်လွှတ်တော်မှာ နှစ်နေရာ၊ အမျိုးသားလွှတ်တော်မှာ တစ်နေရာ၊ ပြည်သူ့လွှတ်တော်မှာ တစ်နေရာနဲ့ ကယန်းလူမျိုးတိုင်းရင်းသားရေးရာမှာ တစ်နေရာ၊ ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ရဲ့ ပြည်နယ်လွှတ်တော်မှာတစ်နေရာ၊ ကယားပြည်နယ် ဒီမောဆိုမြို့နယ်ရဲ့ ပြည်နယ်လွှတ်တော်မှာ တစ်နေရာနဲ့ အမျိုးသားလွှတ်တော်မှာတစ်နေရာ၊ မယ်စဲ့မြို့နယ်ရဲ့ ပြည်သူ့လွှတ်တော်မှာ တစ်နေရာနဲ့ ပြည်နယ်လွှတ်တော်မှာ

တစ်နေရာ မဲဆန္ဒနယ် စုစုပေါင်း ၁၀ နေရာမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ယင်းသို့ ဝင်ပြိုင်ရာမှာ ရှမ်းပြည်နယ်မှ ကယန်းရေးရာဝန်ကြီးတစ်နေရာသာ အနိုင်ရရှိခဲ့ပြီး ကျန်တဲ့နေရာအားလုံးမှာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပါတယ်။

https://www.kantarawaddytimes.org/

****************

## ၈။ ကယားတစ်ပြည်နယ်လုံး မဲလာပေးသူ ၇၆ ရာခိုင်နှုန်းသာရှိခဲ့

(December 2, 2020)

ပြီးခဲ့တဲ့ ၂၀၂၀ နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲမှာ ကယားတစ်ပြည်နယ်လုံးရှိမဲပေးပိုင်ခွင့်ရှိသူ ၇၆ ရာခိုင်နှုန်းသာရှိခဲ့တယ်လို့ ရွေးကောက်ပွဲကော်မရှင်ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။

ကယားတစ်ပြည်နယ်လုံးမှာ မဲပေးခွင့်ရှိသူ ၂၂၉၁၃၆ ဦးရှိပြီး မဲလာပေးသူ ၁၆၂၈၇၅ ဦးရှိခဲ့ပါတယ်။ ကယားပြည်နယ်ဟာဆိုရင် တိုင်းနဲ့ပြည်နယ် ၁၄ ခုက မဲပေးတဲ့ရာခိုင်နှုန်းအများဆုံးရဲ့ နံပါတ်၅နေရာမှာ ရှိပါတယ်။ လွိုင်ကော်မြို့နယ်မှာ ၁၀၀၂၆၇ ဦးမဲပေးပိုင်ခွင့်ရှိခဲ့ပြီး ၇၅၇၅၇ ဦး မဲလာပေးခဲ့ပါတယ်။ ဒီးမော့ဆိုမြို့နယ်မှာတော့ ၅၆၆၇၄ ဦးပြီးတော့ ၄၅၉၆၅ ဦးမဲလာပေးခဲ့ပါတယ်။ ဖရူဆိုမြို့နယ်မှာတော့ ၁၉၉၅၃ ဦးမဲပေးပိုင်ခွင့်ရှိပြီးတော့ ၁၄၆၇၉ ဦးမဲပေးခဲ့ပါတယ်။ ရှားတောမြို့နယ်မှာ ၅၆၂၈ ဦးမဲပေးပိုင်ခွင့်ရှိပြီးတော့ ၄၃၁၂ ဦးမဲလာပေးခဲ့ပါတယ်။ ဖားဆောင်းမြို့နယ်မှာ ၁၆၉၁၂ ဦးမဲပေးပိုင်ခွင့်ရှိပေမယ့် ၁၀၅၀၇ ဦးမဲလာပေးခဲ့ပါတယ်။ ဘောလခဲမြို့နယ်မှာ ၈၂၀၇ ဦးမဲပေးပိုင်ခွင့်ရှိပြီးတော့ ၇၂၀၂ ဦးမဲပေးခဲ့ပါတယ်။ မယ်စဲ့မြို့နယ်မှာ ၅၂၇၅ဦးမဲပေးပိုင်ခွင့်ရှိခဲ့ပြီး ၄၄၃၄ ဦးမဲလာပေးခဲ့ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲ ကယားပြည်နယ်မှာ မဲပေးပိုင်ခွင့်ရှိသူ ၁၇၈၁၁၆ ဦးရှိခဲ့ပြီး မဲလာပေးသူ ၁၄၂၅၉၂ ဦးရှိခဲ့ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၇၉ရာခိုင်နှုန်းမဲလာရောက်ပေးခဲ့ခြင်းဖြစ်ပါတယ်။ https://www.kantarawaddytimes.org/

******************

## ၉။ KNLA တပ်ဖွဲ့ဝင်များနှင့် တပ်မတော်စစ်ကြောင်းတို့ မိနစ်အနည်းငယ်ကြာ ပစ်ခတ်မှုဖြစ်ပွားခဲ့

(December 2, 2020)

နယ်မြေလုံခြုံရေးရယူနေသည့် ကရင်အမျိုးသားလွတ်မြောက်တပ်မတော်-KNLA တပ်ဖွဲ့ဝင်များနှင့် တပ်မတော်စစ် ကြောင်းတို့ အကြား ယမန်နေ့ (ဒီဇင်ဘာလ ၁ရက်) က မိနစ်အနည်းငယ်ကြာ ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း KNLA ဘက်က အတည်ပြု ပြောဆိုသည်။

၎င်းမိနစ်အနည်းငယ်ကြာ ပစ်ခတ်မှုကြောင့် တပ်မတော်ဘက်မှ ထိခိုက်ဒဏ်ရာရရှိမှု ရှိ၊မရှိ မသိရသေးဘဲ KNLA တပ်ဖွဲ့ဝင် ဘက်မှ ထိခိုက်မှုမရှိကြောင်း KNLA ဘက်က ပြောသည်။ သို့သော် ဒေသခံ သတင်းအရင်းအမြစ်များ၏အဆိုအရ တပ်မတော် ဘက်မှ ၄ ဦး ထိခိုက်သေဆုံးခဲ့ကြောင်း ပြောဆိုသော် လည်း ကေအိုင်စီမှ သီးခြားအတည်ပြုနိုင်ခြင်းမရှိပါ။ ယခုဖြစ်စဉ်အပေါ် ကေအိုင်စီ အနေဖြင့် သက်ဆိုင်ရာ တပ်မတော်ဘက်ကို ဆက်သွယ်မေးမြန်း၍ မရခဲ့သလို တပ်မတော်ကာကွယ်ရေးဦးစီး ချုပ်ရုံး၏ ဝက်ဘ်ဆိုဒ် စာမျက်နှာပေါ်တွင်လည်း ထုတ်ပြန်ထားခြင်းမရှိသေးပေ။

KNU နှင့် အစိုးရတို့ အကြား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ကို လက်မှတ် ရေးထိုး ထားသည့် (၅)နှစ်ကျော်ကာလအတွင်း တပ်မတော်နှင့် KNLA တပ်ဖွဲ့ဝင်များအကြား မကြာခဏ ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး နယ်မြေကျော်လွန်လှုပ်ရှားမှု အကြောင်းပြချက်ဖြင့် KNU တပ်မဟာ (၅) နယ်မြေတွင် ထိတွေ့မှုအများဆုံးဖြစ်ပွားခဲ့ကြောင်း သိရသည်။ http://kicnews.org/2020/12/knla

*****************

## ၁၀။ တပ်မတော် တပ်စခန်းများကို ၂၀၂၀ နှစ်ကုန်အတွင်း အပြီးပိုင် ရုပ်သိမ်းပေးရန် KNLA တောင်းဆို

(December 1, 2020)

ငြိမ်းချမ်းရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်ရေးကိုရှေးရှုသည့်အနေဖြင့် ကျေးရွာများအတွင်း ယခင် စခန်းချတပ်စွဲထားသည့် တပ်စခန်းများနှင့် အသစ်တိုးချဲ့ထားသည့် တပ်စခန်းများကို ယခုနှစ်(၂၀၂၀)ကုန်အတွင်း အပြီးအပိုင်ရုပ်သိမ်းပေးရန် ကရင် အမျိုးသားအစည်းအရုံး-KNU ၏ လက်နက်ကိုင်တပ်ဖွဲ့ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)က ယနေ့ သဘောထားကြေညာချက်တစ်စောင် ထုတ်ပြန်ကာ တောင်းဆိုလိုက်သည်။

အစိုးရ၊ တပ်မတော်နှင့် ကရင်အမျိုးသားအစည်းအရုံး-KNU တို့အကြား NCA အပစ်ရပ်သဘောတူ လက်မှတ် ရေးထိုးထား နိုင်သော်လည်း ယနေ့အချိန်ထိ NCA ပါ  တပ်ပိုင်းဆိုင်ရာသဘောတူညီချက်များကို အကောင်အ ထည်ဖော်နိုင်ခြင်းမရှိဘဲ NCA အပေါ် အခွင့်အရေးယူသည့် ချိုးဖောက်မှုများအပေါ် ပြင်ဆင်ဆောင်ရွက်ရန် KNLA ဘက်က ယခုလို ထုတ်ပြန်ခြင်းဖြစ်သည်ဟု ဆိုသည်။

၎င်းအပြင် အရပ်သား ပစ်သတ်ခံရမှုများ ဖြစ်ပွားခဲ့မှုကြောင့် ကရင်ပြည်နယ်၊ ဖာပွန်ဒေသတွင် သောင်းနှင့်ချီ သည့် ဒေသခံများမှ ၎င်းတို့ဒေသ၌ မြန်မာတပ်မတော် စခန်းများ ရုပ်သိမ်းပေးရန် တပ်မတော်စခန်းရှေ့များ၌ ချီတက် ဆန္ဒပြမှုများလည်း ပြီးခဲ့သည် ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သေးသည်။ http://kicnews.org/2020/12/

*****************

## ၁၁။ ပလက်ဝမြို့ရဲစခန်းအချုပ်တွင် အချုပ်ကျနေသူအမျိုးသမီးတစ်ဦးအား မုဒိမ်းပြုကျင့်မှုမဖြစ်ခဲ့ဟု ရဲတပ်ဖွဲ့ငြင်းဆို

(DECEMBER 2, 2020)

ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့ရဲစခန်းအချုပ်တွင် အချုပ်ကျနေသည့် ချင်းအမျိုးသမီးတစ်ဦးအား ရဲကင်း စောင့်တပ်ကြပ်မှ မုဒိမ်းပြုကျင့်ခဲ့သည်ဟု စွပ်စွဲမှုပြောဆိုမှုမှာ မဟုတ်မှန်ကြောင်း ပလက်ဝမြို့ရဲစခန်း ကငြင်းဆိုထားသည်။

ပလက်ဝမြို့ရဲစခန်းရှိ အချုပ်ခန်းတွင် အချုပ်ကျနေသူ အမျိုးသမီးမှာ ရဲတပ်ကြပ်တစ်ဦးမှ နိုဝင်ဘာလ (၂၈) နေ့ မနက်ပိုင်းတွင် အဓမ္မပြုကျင့်ခဲ့သည်ဟု လူမှုကွန်ယက်ပေါ်တွင်ပြန့်နှံ့လာခဲ့ပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ပလက်ဝမြို့ ရဲစခန်းမှူး ဒု-ရဲမှူးဝင်းလွင်ကို ဆက်သွယ်မေးမြန်းကြည့်ရာတွင် မဟုတ်မမှန်သည့်အပြင် ဆေးစစ်ချက် အရလည်းကောင်း မဖြစ်ခဲ့ကြောင်း ပြောဆိုသည်။ အဆိုပါအမျိုးသမီးသည် ပလက်ဝမြို့နယ် အောက်ဘလိုင်ကျေးရွာနေ ကလေးနှစ်ယောက်မိခင်ဖြစ်ပြီး ၂၀၂၀ သြဂုတ်လ (၇) ရက်နေ့ကစိတ်ဖောက်ပြန်ပြီး သူ၏ ကလေးနှစ်ကိုသတ်ဖြတ်မှုဖြင့် တရားစွဲဆိုရန် ပလက်ဝမြို့ရဲစခန်းသို့ ထိန်းသိမ်းခံထားရသူဖြစ်သည်ဟု သိရသည်။

ပလက်ဝမြို့နယ် ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှ ဌာနမှူး ဒေါက်တာစိုးသက်ဝင်းကို ယခုဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းကြည့်ရာတွင် ကာမစပ်ယှက်မှုရှိမရှိ ဆေးပညာအရ စစ်ဆေးခဲ့ကြောင်း သို့သော်လည်း ထုတ်ဖော် ပြောဆို၍ မရကြောင်း ပြောဆိုသည်။ https://khonumthung.org/?p=9533

*******************

## ၁၂။ NLD အောင်နိုင်ရေးအလှူရှင်များနှင့် တင်ဒါကိစ္စဆက်နွယ်သည့်ကိစ္စ စစ်ဆေးတွေ့ရှိမှုများ ဗဟိုကိုတင်ပြထား

(DECEMBER 2, 2020)

ချင်းပြည်နယ် ထန်တလန်မြို့နယ် NLD ပါတီအောင်နိုင်ရေးအတွက် အလှူငွေထည့်ဝင်ကြသည့် ကုမ္ပဏီများအား ပညာရေး ဦးစီးဌာန၏ တင်ဒါလုပ်ငန်းအတွက် ထန်တလန်မြို့နယ် NLD ပါတီဥက္ကဌ၏လက်မှတ်ဖြင့် ထောက်ခံပေးထားသည့်သဘော သက်ရောက်သော အစီရင်ခံစာရွက်ပေါက်ကြားခဲ့ပြီးနောက် အဆိုပါကိစ္စအား ပြည်နယ်ပါတီ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ စစ်ဆေးပြီး ဗဟိုသို့တင်ပြထားကြောင်း ချင်းပြည်နယ် NLD ဥက္ကဌ ဦးဇိုဘွေကပြောသည်။

ထန်တလန်တွင်ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်မှာ လုံးဝမလုပ်သင့်သည့်ကိစ္စဖြစ်ပြီး ပါတီဗဟိုကလည်း ရွေးကောက်ပွဲမတိုင်မီကတည်းက ညွှန်ကြားချက်များလည်းထုတ်ပြန်ခဲ့ကြောင်း ချင်းပြည်နယ် NLD အောင်နိုင်ရေးကော်မတီဥက္ကဌ ဆလိုင်းအိုက်ဇက်ခင်က ပြောသည်။

နိုဝင်ဘာ ၈ ရက်က ကျင်းပပြီးစီးခဲ့သည့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေ ၃၉ နေရာရှိသည့် ချင်းပြည်နယ်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီက ၃၆ နေရာ (၈၂ ရာခိုင်နှုန်းကျော်) အနိုင်ရရှိခဲ့ပြီး ယခုကဲ့သို့ တောင်ပြိုကမ်းပြိုအနိုင်ရခြင်းမှာ ငွေကြေးအင်အားအသုံးပြုနိုင်သည့်အတွက်ကြောင့်ဟုဆိုကာ အတိုက်အခံနိုင်ငံရေးပါတီများ က ဝေဖန်ပြောဆိုမှုလည်းရှိခဲ့သည်။ https://khonumthung.org/?p=9530

*******************

## ၁၃။ မီးရှို့ခံလိုက်ရသည့် ကျောက်တော်မြို့နယ်တင်းမကျေးရွာတွင် အစိုးရမှ အိမ်အလုံး ၄၀ စတင်တည်ဆောက်မည်

(December 04, 2020)

ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်မှ မီးရှို့ခံလိုက်ရသည့် တင်းမကျေးရွာတွင် အိမ်အလုံး ၄၀ ကို စတင်တည်ဆောက်ရန် ဆောက်လုပ်မည့်ကုမ္ပဏီအား ရခိုင်ပြည်နယ်အစိုးရမှ တင်ဒါပေးလိုက်ပြီဟု သတင်းရရှိသည်။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြောခွင့်ရသူ စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က အိမ်အလုံး ၄၀ စတင်တည်ဆောက်မည်ဖြစ်ကြောင်းကို နိရဉ္စရာသတင်း ဌာနသို့ အတည်ပြု ပြောဆိုသည်။

အိမ်တစ်လုံး၏ တန်ဖိုးမှာ သိန်း ၅၀ ရှိပြီး အိမ်အလုံး ၄၀ ကို စတင်ဆောက်လုပ်ရန် တင်ဒါခေါ်ယူပြီးပြီ ဖြစ်ကြောင်း၊ စစ်ဘေးရှောင်များ နေရပ်ပြန်ပါက ကြုံတွေ့ရသည့် အခက်အခဲများကို ထောက်ပံ့ကူညီနိုင်ရန် ရခိုင်ပြည်နယ် အစိုးရမှ စာရင်းများကောက်ယူရန် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများအား တာဝန် ပေးအပ်ထားကြောင်း စည်ပင်ဝန်ကြီးက ပြောဆိုသည်။

ကျောက်တော်မြို့နယ် မီးဝဗျူဟာကုန်းအနီးတွင် ၂၀၂၀ ခုနှစ် မတ်လ ၁၀ ရက် ၁၁ ရက်နေ့များတွင်လည်း ရက္ခိုင့်တပ်တော် (AA)နှင့် မြန်မာတပ်မတော်တို့ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပြီး တပ်မတော်မှ လေကြောင်း တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးကျည်များမှ ကျေးရွာများထဲထိ ကျရောက် ပေါက်ကွဲသဖြင့် မုန့်သန်းပြင်၊ မီးဝ၊ ပြိုင်းတိုင်း၊ လောင်းရှည်၊ ကျော်ရှီပြင်၊ ကျောက်တန်း၊တင်းမ၊ ဂြင့်ခရားစေ့နှင့် အောင်သာယာကျေးရွာတို့မှ ဒေသခံများ နေရပ်ရွာများကို စွန့်ထွက်ပြေးခဲ့ကြရသည်။

ယင်းနောက်တိုက်ပွဲများ ရက်ဆက်ဖြစ်ပွားခဲ့ပြီး မတ်လ ၂၂ ရက်နေ့ နံနက်ပိုင်း၌ တင်းမကျေးရွာရှိ နေအိမ်အများအပြား မီးလောင်သွားခဲ့သည်။ ၎င်းမီးရှို့မှုကို ကျေးရွာသားများက တပ်မတော်စစ်ကြောင်းတစ်ခုမှကျူးလွန်ပြုလုပ်ကြောင်း ပြောဆိုထားပြီး တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့မှ ငြင်းဆိုထားသည်။ https://www.bnionline.net/mm/news-77266

*********************

## ၁၄။ ဦးဂါကျေးရွာမှ အဓမ္မပြုကျင့်ခံရသူအမျိုးသမီး ပထမဆုံးအကြိမ် စစ်တရားခုံရုံးသို့တက်ရောက်၊ ပြုကျင့်သူ ၃ ဦးမှဝန်ခံ၊ လာမည့်ဒီဇင်ဘာ ၁၁ ရက်နေ့အမိန့်ချမည်

(December 04, 2020)

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ဦးဂါကျေးရွာမှ အဓမ္မပြုကျင့်ခံရမှု အသက် ၄၀ အရွယ် အမျိုးသမီးသည် ယနေ့ စစ်တွေတပ်နယ်ရှိ စစ်ခုံရုံးတွင် သူမ၏ အမှုနှင့် ပတ်သက်ပြီး ပထမဆုံး အကြိမ် တက်ရောက် နားထောင်ခွင့်ရရှိခဲ့ပြီး ပြုကျင့်သူ တပ်မတော်သား ၃ ဦးမှ ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံသဖြင့် လာမည့် ဒီဇင်ဘာ ၁၁ ရက်နေ့တွင် အမိန့်ချမည်ဟု သိရှိရကြောင်း ကာယကံရှင် အမျိုးသမီးက ပြောသည်။

ယနေ့ နံနက် ၁၀ နာရီခန့်က စစ်တွေမြို့ရှိ တပ်မတော် အကျဉ်းစစ်တရားရုံးတွင် စစ်ဘက်ရေးရာ တရားသူကြီး ၃ ဦးမှ ဦးဂါအမျိုးသမီးအား ဓမ္မပြုကျင့်ခံရမှုကို စစ်ဆေးမှုများပြုလုပ်ခဲ့သည်။ အဆိုပါ ဖြစ်စဉ်တွင် ကျူးလွန်သူ တပ်မတော်သား ၃ ဦးထဲမှ တစ်ဦးကို နယ်ဘက်ပြစ်မှု (၃၇၆) တပ်မတော် အက် ဥပဒေပုဒ်မ (၇၁) ၊ နယ်ဘက်ပြစ်မှု (၃၆၆) တပ်မတော် အက် ဥပဒေပုဒ်မ (၇၁) ၊ တပ်မတော်အက် ဥပဒေပုဒ်မ ၃၅ (င) တို့ဖြင့် စွဲချက်တင်ခဲ့သည်ဟု အမှုအားလိုက်ပါ ဆောင်ရွက်ပေးနေသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်မြသူဇာက ပြောသည်။

ပြီးခဲ့သည့် ဇူလိုင်လ ၁၀ ရက်နေ့က စစ်တွေမြို့ အမှတ် (၁) ရဲစခန်း၌ အားဓမ္မပြုကျင့်ခံရသူ အမျိုးသမီးနှင့် ကြံ့စည်ခံခဲ့ရသူ သူမ၏ သမီးဖြစ်သူတို့ သွားရောက်အမှုဖွင့်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများကို စစ်ခုံရုံးဖွဲ့ကာ စစ်ဆေးခဲ့သည်။

https://www.bnionline.net/mm/news-77264

*****************

## ၁၅။ တပ်မတော်နှင့်AA ဆွေးနွေးမှုကောင်းမွန်သော်လည်း စောင့်ကြည့်ရမည်ဟု NLD ပြော၊ ကောင်းမွန်သည့်အကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟု ANP ဆို

(December 03, 2020)

ယနေ့ ဒီဇင်ဘာ ၂ ရက်နေ့တွင် ရက္ခိုင့်တပ်တော် (AA) က ထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်ထဲတွင် ပါရှိသည့် တပ်မတော်နှင့် အေအေတို့၏ ဆွေးနွေးချက်မှာ ကောင်းမွန်သော်လည်း စောင့်ကြည့်ရမည့် အခြေအနေသာ ဖြစ်သည်ဟု အမျိုးသား

ဒီမိုကရေစီအဖွဲ့ချုပ် NLD ပြောခွင့်ရသူ မုံရွာအောင်ရှင်က ပြောဆိုလိုက်ပြီး ရခိုင် အမျိုးသားပါတီ (ANP) မှ မြေပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက ကောင်းမွန်သည့် အကျိုးသက်ရောက်မှု ရှိလာနိုင်သည်ဟု ပြောဆိုလိုက်သည်။

ရက္ခိုင့်တပ်တော်(AA)နှင့် မြန်မာတပ်မတော်မှ ထိပ်တန်းခေါင်းဆောင်များသည် နိုဝင်ဘာ ၂၅ ရက်နေ့က နာရီဝက်ခန့်အကြာ Online အစည်းအဝေးပြုလုပ်ခဲ့ကြောင်း AA က ယနေ့သတင်းထုတ်ပြန်သည်။ အဆိုပါ တွေ့ဆုံဆွေးနွေးမှုနှင့် ပတ်သက်ပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် NLD ပြောခွင့်ရသူ မုံရွာအောင်ရှင်ကို နိရဥ္စရာက ဆက်သွယ်မေးမြန်းရာ ၎င်းက အစိုးရအနေဖြင့် လက်ရှိ အခြေအနေကို အချိန် အတိုင်းအတာတစ်ခုအထိ စောင့်ကြည့်နိုင်ကြောင်း သူကဆက်ပြောသည်။

၎င်းပြင် မြန်မာ့တပ်မတော်အား ပိတ်ဆို့နေသောကုန်းလမ်း၊ ရေလမ်းများတွင် ဒေသခံပြည်သူလူထုများ စိုးရိမ်ကြောင့်ကြ ကင်းမဲ့စွာဖြင့်ခရီးသွားလာနိုင်ရန်နှင့် အခြေခံ စားသောက် ကုန်ပစ္စည်းများကို အန္တရာယ်ကင်းစွာသယ်ယူ ပို့ဆောင်နိုင်ရန်နှင့် တိုက်ပွဲဖြစ်ပွားရာ ဒေသများ အားလုံးမှ ပြည်သူလူထု များ၏ဘဝလုံခြုံမှု၊ ငြိမ်းချမ်းမှု အတွက် နည်းလမ်းများရှာဖွေပြီး ဆောင်ရွက်သွားရန် စသည့်အချက်(၂) ချက်ကိုလည်း အလေးထားစဉ်းစားဆောင်ရွက်ပေးရန် အကြံပြု ပြောဆိုခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ https://www.bnionline.net/mm/news-77234

********************

## ၁၆။ မွန်ပါတီက မဲရလဒ်များ စီစစ်ဆဲဟု ဆို

(၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

မွန်ညီညွတ်ရေးပါတီက အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ သဘောထားမှတ်ချက်ပေးရန် စောနေသေးသည်ဟု ပြောလိုက်သည်။ ရွေးကောက်ပွဲရှုံးခဲ့သည့် မဲဆန္ဒနယ်တချို့က မဲရလဒ်များကို လေ့လာစိစစ်နေဆဲ အခြေအနေတွင် ရှိနေသည့်အတွက် ဖြစ်သည်ဟု မွန်ညီညွတ် ရေးပါတီ(MUP) တွဲဖက်အတွင်းရေးမှူး နိုင်လယ်တမ က ပြောသည်။

မွန်ညီညွတ်ရေးပါတီသည် မွန်တိုင်းရင်းသားအများစုရှိသည့် ရေး၊ သံဖြူဇရပ်၊ မုဒုံ၊ ချောင်းဆုံ၊ ကျိုက်မရော အစ ရှိသည့် မြို့နယ်တို့တွင် ရွေးကောက်ပွဲ အများစုအနိုင်ရရှိရန် မှန်းထားခဲ့သော် ရေးနှင့် မုဒုံမြို့နယ်တို့တွင်သာ အများစု အနိုင်ရရှိခဲ့ပြီး သံဖြူဇရပ်၊ ချောင်းဆုံနှင့် ကျိုက်မရောမြို့နယ်တို့တွင် မဲဆန္ဒနယ်တစ်နေရာစီသာ အနိုင်ရ ရှိခဲ့သည်။

ရွေးကောက်ပွဲ၌ မွန်ပြည်နယ်ရှိ မဲဆန္ဒနယ် ၄၅ နေရာတွင် NLD ပါတီက ၃၄ နေရာ မွန်ညီညွတ်ရေးပါတီက ၁၁ နေရာ အနိုင်ရရှိထားသည်။ မွန်ညီညွတ်ရေးပါတီသည် မွန်ပြည်နယ်တွင် ၁၁ နေရာ အနိုင်ရရှိထားသည့်အပြင် ကရင်ပြည်နယ်တွင်လည်း ၁ နေရာ စုစုပေါင်း ၁၂ နေရာ အနိုင်ရရှိထားသည်။ အနိုင်ရရှိထားသည့် ၁၂ နေရာတွင် မွန်ပြည်နယ်တွင် ပြည်သူ့လွှတ်တော် ၂ နေရာ အမျိုးသားလွှတ်တော် ၃ နေရာ ပြည်နယ်လွှတ်တော် ၆ နေရာနှင့် ကရင်ပြည်နယ် မွန်တိုင်းရင်းသားရေးရာ ၁ နေရာတို့ဖြစ်သည်။ https://www.nmg-news.com/2020/12/02/12515

***************

## ၁၇။ မွန်ပြည်နယ်တွင် ရွေးကောက်ပွဲအာမခံငွေ ပြန်မရမည့် ကိုယ်စားလှယ် ၁၅၀ နီးပါးရှိ

(၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်)

မွန်ပြည်နယ်တွင် ရွေးကောက်ပွဲဝင်ပြိုင်ခဲ့ကြသည့် ကိုယ်စားလှယ်လောင်းများအနက်မှ ခိုင်လုံမဲ ရှစ်ပုံ တစ်ပုံ မရသည့် ကိုယ်စားလှယ်လောင်း ၁၄၈ ဦးရှိသည်ဟု ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရှိ စာရင်းအရ သိရသည်။

ခိုင်လုံမဲ ရှစ်ပုံတစ်ပုံမရသည့် ကိုယ်စားလှယ်လောင်းများသည် တင်သွင်းထားရသည့် ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ကျပ် ၃ သိန်း ပြန်လည်ရရှိမည် မဟုတ်ဟု ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ပြောသည်။ ရွေးကောက်ပွဲဝင်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများသည် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာနှင့်အတူ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ကျပ် ၃ သိန်း တင်သွင်းပေးထားရသည်။ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြီးစီးခဲ့သည့် မွန်ပြည်နယ်တွင် ရွေးကောက်ပွဲဝင်ပြိုင်ခဲ့သည့် နိုင်ငံရေးပါတီ ၁၆ ပါတီတို့မှ ကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း စုစုပေါင်း၂၅၇ ဦး ရှိ ခဲ့သည်။

၎င်းပြင် ရွေးကောက်ပွဲနည်းဥပဒေအရ ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေ ပြန်လည်ရရှိမည့် ကိုယ်စားလှယ်လောင်းများ အနေနှင့်လည်း ရွေးကောက်ပွဲဝင်ခွင့် အာမခံငွေထုတ်ယူရန်အကြောင်းကြားသည့်နေ့မှ ခြောက်လအတွင်း လာရောက်ထုတ်ယူခြင်းမရှိပါက နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းရမည်ဟု ဖော်ပြပါရှိသည်။

https://www.nmg-news.com/2020/12/02/12512

*****************

## ၁၈။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်စတင်ရန် မျှော်လင့်ကြောင်း AA ထုတ်ပြန်

(၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၂ ရက်)

မြန်မာ့တပ်မတော်နှင့် အွန်လိုင်းမှ ဆွေးနွေးအပြီးတွင် မြောက်ပိုင်းမဟာမိတ်များနှင့် ဆွေးနွေးပွဲများ ပြန်လည် စတင်နိုင်မည်ဟု ယုံကြည်ကြောင်း ရက္ခိုင့် တပ်တော် AA ၏ ထုတ်ပြန်ကြေညာချက်ထဲတွင် ဖော်ပြထားသည်။ ထို့အပြင် နှစ်ဖက် လူချင်း တွေ့ဆုံဆွေးနွေးနိုင်မည့် အခြေအနေတစ်ရပ်ကို ဆက်လက်ဆွေးနွေးညှိနှိုင်း နေကြဆဲဖြစ်ကြသည်ဟု ULA/AA ၏ ထုတ်ပြန်ချက်အရသိရသည်။

တပ်မတော်နှင့် AA နှစ်ဖက်ခေါင်းဆောင်များက နိုဝင်ဘာလ ၂၅ ရက်နေ့က အွန်လိုင်းမှတစ်ဆင့် မိနစ် ၃၀ ကြာ အကြမ်းဖျင်း ဆွေးနွေးခဲ့ကြကြောင်း ဒီဇင်ဘာလ ၂ ရက်နေ့ (ယနေ့) တွင် ULA/AA က ထုတ်ပြန်ပြောဆိုလိုက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့် နိုဝင်ဘာလ (၈) ရက် ရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်နောက်တွင် မြန်မာ့တပ်မတော် ဖက်မှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ အပြုသဘော ဆောင်သည့်ထုတ်ပြန်ကြေညာချက်တစ်ရပ်ကို နိုဝင်ဘာလ (၁၂) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့ပြီး မြန်မာ့တပ်မတော်၏ အဆိုပါထုတ်ပြန် ချက်၌ ULA/AA ၏ နိုဝင်ဘာလ (၁၂) ရက်နေ့ထုတ်ပြန်ကြေညာချက်ကိုလည်း အပြုသဘောဖြင့်ကြို ဆို ကြောင်း ထည့်သွင်းဖော်ပြခဲ့သည်။

ထို့အပြင် ULA/AA ၏ ယနေ့ ထုတ်ပြန်ချက်ထဲတွင် မြန်မာ့တပ်မတော်အနေဖြင့် ရခိုင်ပြည် တည်ငြိမ်အေး ချမ်းရေးအတွက် နည်းလမ်းများရှာဖွေကာ ဆောင်ရွက်နေကြောင်း ထပ်မံကြားသိရသောကြောင့် ရခိုင်၊ ပလက်ဝဒေသအတွင်း၌ နှစ်နှစ်ကျော်

နီးပါး ဆက်တိုက်ဖြစ်ပွားနေခဲ့သော စစ်မက်များရပ်တန့်ကာ ငြိမ်းချမ်းရေးလမ်းစများ ပွင့်လာမည်လားဟု နိုင်ငံတကာနှင့် မြန်မာတစ်နိုင်ငံလုံးမှ မျှော်လင့်နေကြပါသည် ဟုလည်း ဖော်ပြထားသည်။

https://www.nmg-news.com/2020/12/02/12510

****************

## ၁၉။ သျှမ်းပြည်သား ရပိုင်ခွင့်ကို အလေးနက်ထားသည့် အစိုးရမျိုးဖြစ်သင့် ဟု SNLD ပြော

(December 3, 2020)

သျှမ်းပြည် အစိုးရအဖွဲ့သစ်အနေဖြင့် သျှမ်းပြည်သားများ၏ ရပိုင်ခွင့်ကို အလေးအနက်ထားသည့် အစိုးရမျိုးဖြစ်သင့်ကြောင်း ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ပါတီ၏ အထွေထွေ အတွင်းရေးမှူးက ပြောဆိုလိုက်သည်။

၂၀၂၀ နိုဝင်ဘာ (၈) ရက်မှာကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် တနိုင်ငံလုံး အတိုင်းအတာအနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် ပြန်လည်အနိုင်ရရှိခဲ့ပြီးအစိုးရဖွဲ့ခွင့် ထပ်မံရသည့် ပါတီတခု ဖြစ်သည်။ လူမျိုးတစ်မျိုးတည်း ဒါမှမဟုတ် အစုအဖွဲ့ တစ်ခုတည်းဖြင့် ကြီးစိုးနေသည့် အစိုးရမျိုးဆက်ဖြစ်လျှင် သျှမ်းပြည်သူ/ သားများ၏ ယုံကြည်ကိုးစားမှုကို ရရှိနိုင်မည်မဟုတ်ကြောင်း စိုင်းလိတ်က ထောက်ပြ ပြောဆိုသည်။

သျှမ်းပြည်တွင်းရှိ ၀ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသအပါအဝင် သျှမ်းပြည်အရှေ့ပိုင်း အထူးဒေသ(၄) မှ မိုင်းလားမြို့နယ်၊ သျှမ်းပြည်တောင်ပိုင်း မိုင်းကိုင်မြို့နယ် စုစုပေါင်း (၆) မြို့နယ် နှင့် မြို့နယ် အချို့ရှိ ဒေသအချို့တွင် ရွေးကောက်ပွဲ ကျင်းပခွင့် မရသည့် ဒေသများဖြစ်သည်။ https://burmese.shannews.org/archives/19724

******************

## ၂၀။ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်း

(December 4, 2020)

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆွေးနွေးရန်အတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ်များအ ကြား ညှိနှိုင်းမှုကို ဒီဇင်ဘာ ၃ ရက်က နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်း ချမ်းရေးဗဟိုဌာန (NRPC)၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ညှိနှိုင်းပွဲသို့ NRPCဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့ နေချုပ် ဦးထွန်းထွန်းဦး၊ ကာ ကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ငြိမ်းချမ်းရေး ကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို၊ ငြိမ်းချမ်းရေး ကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံ ရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြောင်း သတင်းထုတ်ပြန်ထား သည်။

ထိုသို့ အစိုးရ၊ လွှတ်တော်၊တပ်မတော်ကိုယ်စားလှယ်များအကြား ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ညှိနှိုင်းမှုကို ၂၀၂၀ ဇန်နဝါရီ က ကျင်းပခဲ့သည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) ပြီးကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် စတုတ္ထအကြိမ် ၂၁ ရာစု ပင်လုံညီလာခံ အစည်းအဝေးအပြီးနောက်ပိုင်းတွင် COVID–19 အခြေအနေကြောင့် ကျင်းပနိုင်ခြင်းမရှိဘဲ ယမန်နေ့တွင် ပြန်လည်စတင် ကျင်းပခြင်းဖြစ်သည်။ https://7day.news/detail?id=207511

*****************

## ၂၁။ ရခိုင်တွင် အကြမ်းဖက်ဥပဒေဖြင့် တရားစွဲခံရသူများအား ရုံးမထုတ်၍ နစ်နာမှုများရှိဟုဆို

(2020 December 4)

ရခိုင်ပြည်နယ် တိုက်ပွဲများအတွင်း ရခိုင်လက် နက်ကိုင်အဖွဲ့ (AA) နှင့် ဆက် စပ်သည်ဟု စွပ်စွဲခံရပြီး အကြမ်း ဖက်ဥပဒေဖြင့် တရားရင်ဆိုင်နေ ရသူ ၂၆၉ ဦးအနက် အများစုမှာ တရားရုံးမထုတ်သဖြင့် နစ်နာကြကြောင်း ရခိုင်ရှေ့နေများ ကောင်စီ အထွေထွေအတွင်းရေး မှူး ဦးဇော်ဇော်မင်းက ပြော သည်။

အကြမ်းဖက်ဥပဒေပုဒ်မ ၅၀ (က)၊ ၅၀ (ည)နှင့် ၅၂ (ည) တို့ဖြင့် တရားစွဲဆိုခံထားရသူ များမှာ စစ်တွေခရိုင်တွင် ၁၃၉ ဦး၊ မြောက်ဦးခရိုင်တွင် ၇၈ ဦး၊ ကျောက်ဖြူခရိုင်တွင် ၄၄ ဦး၊ သံတွဲခရိုင်နှင့် မောင်တောခရိုင် တွင် လေးဦးစီဖြစ်ကြောင်း ၎င်းက ပြောသည်။

ရခိုင်ပြည်နယ်တွင် COVID –19 ဒုတိယလှိုင်း စတင်ဖြစ်ပွား ချိန်က တရားခွင်အများစု ရပ် နားခဲ့ပြီး တရားရုံးအနည်းငယ်သာ စစ်ဆေးနေသည်။ https://7day.news/detail?id=207477

*****************

## ၂၂။ မိုင်းကိုင်မြို့နယ်၌ ရွေးကောက်ပွဲ ပြန်လည်ကျင်းပက ကန့်ကွက်ရန် မရှိဟု RCSS ပြော

(2 December 2020)

ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းကိုင်မြို့နယ်တွင် ရွေးကောက်ပွဲ ပြန်လည် ကျင်းပပါက ကန့်ကွက်ရန် မရှိပါဟု ရှမ်းပြည် ပြန်လည် ထူထောင်ရေးကောင်စီ (RCSS)က ဧရာဝတီကို ပြောသည်။ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် လက်နက်ကိုင်ပဋိပက္ခများနှင့် မလုံခြုံသည့် နယ်မြေများကို မကျင်းပဘဲ ချန်လှပ်ခဲ့ရာ မိုင်းကိုင်မြို့နယ် သည်လည်း တမြို့နယ်လုံး ချန်လှပ်ခံခဲ့ရသည်။

နိုဝင်ဘာ ၂ ရက်တွင် ရက္ခိုင်စစ်တပ် (AA) က ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် နယ်မြေများကို ဒီဇင်ဘာ ၃၁ ရက် မတိုင် မီ ရွေးကောက်ပွဲ ပြန်ကျင်းပပေးရန် တောင်းဆိုရာ တပ်မတော်ဘက်က ကြိုဆိုထောက်ခံကြောင်း ပြောပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းမှ မြို့နယ်များအပြင် မိုင်းကိုင်မြို့နယ်ကိုလည်း ရွေးကောက်ပွဲ ပြန်ကျင်းပရာတွင် ပါဝင်နိုင်ရန် ဆောင်ရွက်ပါမည်ဟု ပြောဆိုထားသည်။ ထို့ကြောင့် RCSS ၏ သဘောထားကို မေးမြန်းရာ ဗိုလ်မှူးခမ်းစံက မိုင်းကိုင်တွင် ရွေးကောက်ပွဲ ပြန်ကျင်းပမည် ဆိုပါက ၎င်းတို့ အဖွဲ့အစည်းက ကန့်ကွက်ရန် မရှိပါဟု ဖြေဆိုခြင်း ဖြစ်သည်။

နိုဝင်ဘာ ၈ ရက်က ရွေးကောက်ပွဲ မကျင်းပနိုင်ခဲ့သည့် မြို့နယ်များကို ရွေးကောက်ပွဲ ပြန်ကျင်းပခြင်း ပြုမပြုမှာ ပြည် ထောင်စု ရွေးကောက်ပွဲ ကော်မရှင် (UEC) ကသာ ဆုံးဖြတ်ခွင့်၊ ကျင်းပခွင့် ရှိသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းနှင့် မိုင်းကိုင်မြို့နယ်တွင် ရွေးကောက်ပွဲ ပြန်ကျင်းပခြင်း ရှိမရှိကို ယခုအချိန်ထိ UEC မှ တစုံ တရာ ကြေညာခြင်း၊ ပြောဆိုခြင်း မရှိသေးပါ။

https://burma.irrawaddy.com/election-2020/2020/12/02/234241.html

******************

## ၂၃။ ကချင်စစ်ရှောင်များ အတွက် မိုင်းရှင်းပေးမည်ဟု တပ်ချုပ် ကတိပြု

(1 December 2020)

ကချင်စစ်ဘေးရှောင်များ နေရပ်ပြန်ရေးလုပ်ငန်းစဉ်တလျှောက်တွင် တပ်မတော်ဘက်မှ မိုင်းရှင်းလင်းရေးလုပ်ပေးမည် ဟု တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကချင်နှစ်ခြင်း ခရစ်ယာန်အဖွဲ့ချုပ် (KBC) ကို ကတိပြု ပြောဆိုသည်ဟု သတင်းရရှိသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဘက်ကလည်း ကချင်စစ်ဘေးရှောင် ဒုက္ခသည်များ နေရပ်ပြန်ရေးတွင် မိုင်းရှင်းလင်းရေးကို ကူညီမည်ဟု ကတိပြုသည့်အပြင် အခြားလိုအပ်သည်များရှိပါကလည်း အကူအညီတောင်းနိုင်ပါသည်ဟု ပြန်လည် ပြောဆိုကြောင်း သိရသည်။

KHCC တွင် ကချင်နှစ်ခြင်း ခရစ်ယာန်၊ ကတ်သလစ်နှင့် အင်္ဂလိကန် အသင်းတော်တို့မှ ဘာသာရေး ခေါင်းဆောင်ကြီးများ ပါဝင်ပြီး အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC)၊ ပြည်ထောင်စုအဆင့် လူမှုကယ်ဆယ်ရေး နှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတို့နှင့်လည်း ချိတ်ဆက်ကာ ဒုက္ခသည်များ နေရပ်ပြန်ရေးကို လုပ်ဆောင်လျက် ရှိသည်။ စစ်ဘေးရှောင် စခန်းများတွင် နှစ်ကြာလာသဖြင့် အမျိုးသားများက ရရာ ကျပန်းအလုပ်များ လုပ်ကိုင်ရာ လုပ်ခလစာ ခေါင်းပုံဖြတ်ခံရခြင်းများ ကြုံတွေ့ရပြီး ထိုထဲမှ မန်စီမြို့နယ်တွင် သစ်သယ်သည့် အလုပ်ကို သွားရောက်လုပ်ကိုင်သည့် စစ်ဘေးရှောင် အမျိုးသား ၃ ဦးကို စစ်ဆင်ရေးနယ်မြေအတွင်းတွေ့သဖြင့် တပ်မတော်၊ တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်ကာ သတ်ဖြတ်သည့် အမှုလည်း ဖြစ်ပွားထားသည်။ စစ်ဘေးရှောင် အမျိုးသမီးများမှာလည်း တရုတ်နိုင်ငံဘက်သို့ အလုပ်သွားရောက်လုပ်ကိုင်ရာမှ လူကုန်ကူးခံရခြင်း စသည့် နောက်ဆက်တွဲ ပြဿနာများ ရှိလာသည်။

https://burma.irrawaddy.com/news/2020/12/01/234165.html

**********************

## ၂၄။ ရန်ကုန်မှာပိတ်မိနေတဲ့ မွန်ဒေသခံတချို့ကို ပြန်လည်ခေါ်ယူ

(2020-11-29)

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါကာလ ရန်ကုန်မှာပိတ်မိနေတဲ့ မွန်ပြည်နယ်က လူ ၃၀ နီးပါးကို ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ အရပ်ဘက်အဖွဲ့တစ်ခုက ပထမဆုံးအကြိမ် မနေ့က အခမဲ့ပြန်ခေါ်ခဲ့ပါတယ်။ အလားတူ တိုင်းနဲ့ ပြည်နယ်တချို့မှာလည်း ကပ်ရောဂါကာလ ရန်ကုန်မှာ ပိတ်မိနေတဲ့သူတွေကို နေရပ် ပြန်လည်ခေါ်ဆောင်တာတွေရှိပါတယ်။

မြန်မာနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် ဒုတိယလှိုင်းလို့ပြောနေတဲ့ ပြည်တွင်းကူးစက်မှုတွေ မြင့်တက်လာပြီး နောက်ပိုင်း ရန်ကုန်တိုင်းအတွင်း ရှိနေသူတွေကို တခြားတိုင်းနဲ့ ပြည်နယ်တွေကို မသွားဖို့ ကန့်သတ် လိုက်သလို ခရီးသည်တင်ယာဉ်တွေနဲ့ လေကြောင်းခရီးတွေ ပြေးဆွဲတာတွေ ရပ်နားခဲ့ကြပါတယ်။ တိုင်းနဲ့ ပြည်နယ်အသီးသီးက ကျန်းမာရေး၊ လူမှုရေး ကိစ္စတွေနဲ့ ရန်ကုန်ကို ရောက်ရှိနေသူတွေဟာ သွားလာခွင့် ကန့်သတ်ချက်ကြောင့် နေရပ်ပြန်လို့မရဘဲ ပိတ်မိနေကြတာပါ။

ရန်ကုန်မှာပိတ်မိနေတဲ့ ရခိုင်ပြည်နယ်ကို နေရပ်ပြန်လိုသူတွေကိုလည်း လေးဝတီကုလရက္ခိတပရဟိတအဖွဲ့ကနေ ပြန်လည်ပို့ဆောင်ပေးနေပြီး လက်ရှိအချိန်ထိ လူပေါင်း ၄၃၀ ပြန်ပို့ထားတယ်လို့ သိရပါတယ်။

https://www.rfa.org/burmese/news/mon-locals-return-home-11292020044150.html

***************

**မှတ်ချက်။ သက်ဆိုင်ရာသတင်းမီဒီယာအသီးသီးမှ ကောက်နုတ်ဖော်ပြခြင်းဖြစ်ပါသည်။**

**** ပြီး ****